

# ရဲရဲတောက်လွှင့်ထူထားခဲ့တယ်

အခန်းထဲက
အလင်းနဲ့ အမှောင်ဟာ
ပကတိ အရှိသဘောကို မဆောင်တဲ့
အတုအယောင်တွေသာဖြစ်တယ်။
ဒီအချိန်မှာဆို
အပြင်မှာ နေညိုနေလောက်ပြီ
အမေအို ငိုနေလောက်ပြီ။

တိုင်းပြည်ကြီးက
စစ်ဝါဒီတို့ရဲ့ လက်မှာအကြိမ်ကြိမ်အခါခါ
မတရားပြုကျင့်ခံနေခဲ့ရပုံများ
နေ
လ
ကြယ်ရောင်
ခေတ်ပျက်ကြီးမှာ
မှောင်နေတုန်းပဲ။

အလိုမတူမှု လှိုင်းတံပိုးများကြားထဲ
ငါတို့ရဲ့ သူရဲကောင်းများ
မြုပ်ချည် ပေါ်ချည်
ငါတို့ရဲ့ တိုက်ဖော်တိုက်ဖက်များ
မြုပ်ချည် ပေါ်ချည်
ဘယ်သူတွေ ဘာပြောချင်သေးလဲ
ယုံကြည်ချက်တွေဟာလည်း
ကောက်ရိုးတမျှင်လိုပေါ့
မြုပ်ချည် ပေါ်ချည်။

အလို့.... ဟောဒီမှာ
အနှစ်နှစ်ဆယ်ကျော် အချိန်ကာလရဲ့
ပန်းတွေ ပွင့်နေပုံများ
တတောလုံး တတောင်လုံး
ရဲရဲတောက်လို့
တိုက်ပွဲတွေကလည်း
ရဲရဲတောက်လို့
စိတ်ဓါတ်တွေကလည်း
အမြင့်မားဆုံးအောင်လံတော်ကို
ရဲရဲတောက်လွှင့်ထူထားကြပေါ့။

(မတ်လ သွေးမြေကျမှုများသို့)

ရဲရင့်သက်ဖွဲ့